မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး
အထောက်အကူပြုဌာန

# သတင်းထုတ်ပြန်ချက်

၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၂ ရက်။

## “*ပွင့်သစ်စ* ၂၀၂၀ တွင် ကော်ပိုရိတ်စီမံအုပ်ချုပ်ပုံနှင့်သတင်းအချက်အလက်များ ပွင့်လင်းမြင်သာစွာထုတ်ဖော်တင်ပြမှုကို အားကောင်းစေသည့် မြန်မာ့စည်းမျဉ်းစည်းကမ်းများကို အလေးအနက်ပြုသုတေသနပြုမည် “

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန(MCRB)သည် *ပွင့်သစ်စ*အစီရင်ခံစာဟု လူသိများသည့် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု အစီရင်ခံစာ (၂၀၂၀ပြည့်နှစ်) အတွက် သုတေသနလုပ်ငန်းများကို စီးပွားရေးအတိုင်ပင်ခံလုပ်ငန်းတစ်ခုဖြစ်သည့် (Yever) နှင့်တွဲဖက်ပြီး ယနေ့စတင် မည်ဖြစ်သည်။ Yeverသည် ကုမ္ပဏီများ၏အွန်လိုင်းမှထုတ်ဖော်မှုများကို ပွင့်သစ်စအစီရင်ခံစာအတွက် စစ်ဆေးအကဲဖြတ်ရာတွင် *အခကြေးငွေမယူဘဲ* ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်မှာ သုံးနှစ်ရှိပြီ ဖြစ်သည်။

၂၀၂၀ပြည့်နှစ်အစီရင်ခံစာသည် ၂၀၁၉အစီရင်ခံစာကဲ့သို့ပင်အောက်ပါအချက်အလက်လေးမျိုးအပေါ် အကဲဖြတ်မည် ဖြစ်သည်။

- ကော်ပိုရိတ်အကြောင်းအရာ
- ကော်ပိုရိတ်စီမံအုပ်ချုပ်ပုံ
- ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှု နှင့်
- အစီရင်ခံခြင်း

ယခုနှစ်တွင် ကုမ္ပဏီပေါင်း ၂၇၀ကျော် ကိုစီစစ်အကဲဖြတ်မည်ဖြစ်ပြီး

- ရန်ကုန်စတော့အိပ်ချိန်း (YSX) စာရင်းဝင် ကုမ္ပဏီ (၅)ခု
- ရှယ်ယာရှင် (၁၀၀)အထက်ရှိသည့်အတွက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) ၏ အမိန့်ကြော်ငြာစာ (၁/၂၀၁၆) အရ(ဥပမာ -နှစ်စဉ် နှင့်ခြောက်လ တစ်ကြိမ် အစီရင်ခံစာကိုတွင်တင်ပြရန် စသည့်) “စဉ်ဆက်မပြတ် ထုတ်ဖော်မှု”ကို အလေ့အကျင့် ပြုရမည့် အများပိုင်ကုမ္ပဏီ (၆၄)ခု
- မြန်မာဘဏ်များ
- ဝင်ငွေခွန် သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့် ပုဂ္ဂလိက ကုမ္ပဏီ (၁၇၅)ခု
- အစိုးရပိုင်လုပ်ငန်းကြီးများ နှင့်
- အထက်ပါစာရင်းတွင် မပါဝင်သည့် ထင်ရှား၊ ကြီးမား ကိုင်တွယ်ရမလွယ်ကူသည့် လုပ်ငန်းကြီးများ

ပါဝင်မည် ဖြစ်သည်။

ယခုနှစ်ပွင့်သစ်စတွင် ပထမဆုံးအကြိမ်အဖြစ် ဘဏ်အားလုံးပါဝင်မည်ဖြစ်ပြီး ဆက်စပ်နေသည့် "ကုမ္ပဏီအုပ်စုကြီးများ" ထဲမှ သီးခြားခွဲထုတ် အကဲဖြတ်မည် ဖြစ်သည်။ ယင်းသည် မြန်မာနိုင်ငံရှိဘဏ်များအတွက် သတ်မှတ်ထားသည့် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာ မြင့်မားသော စံချိန်များကို အလေးနက်ထား သုတေသနပြုခြင်းလည်း ဖြစ်သည်။

ထို့အပြင် အထက်ပါစာရင်းတွင် မပါဝင်သည့် အလတ်စားနှင့် အကြီးစားကုမ္ပဏီများကလည်း ဆန္ဒအလျောက် အကဲဖြတ် အမှတ်ပေးမှုခံယူနိုင်ရန်နှင့် ပွင့်သစ်စအစီရင်ခံစာတွင် ပါဝင်ကြရန် တိုက်တွန်းအပ်ပါသည်။

Yever မှ Nicolas Delange က *"လွန်ခဲ့တဲ့နှစ်အနည်းငယ်ကစပြီး ရှယ်ယာရှင် ၁၀၀ဦးအထက်ရှိတဲ့ အများပိုင် ကုမ္ပဏီတွေ အတွက် သတ်မှတ်လိုအပ်ချက်တွေများလာတယ်၊ ဘဏ်တွေအတွက်က ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနဲ့ ထုတ်ဖော် တင်ပြမှုတွေ ကို တိုးမြှင့်လုပ်ဆောင်ဖို့လိုလာပါတယ်။ ဒီနှစ်မှာတော့ ဥပဒေအရ ဒီလိုတင်ပြဖို့လိုတဲ့ ကုမ္ပဏီတွေနဲ့ မိသားစု ကုမ္ပဏီ ဖြစ်ပေမယ့် ကော်ပိုရိတ်စီမံမှုကောင်းဖြစ်အောင် သူတို့ဘာသာပဲ ဒီလိုလိုက်တင်ပြ လုပ်ဆောင်ကြမယ့် ကုမ္ပဏီတွေကို သီးခြားစီ အမှတ်ပေးပါမယ်။ နောက်ပြီး ဒါရိုက်တာစာရင်းဆိုပါစို့၊ သူတို့ DICA ကိုတင်ပြရမည့် စာရင်းနဲ့ ဝက်ဘ်ဆိုဒ်မှာ ရှိတဲ့အချက်ကို တိုက်ဆိုင်ကြည့်မှာပါ။"* ဟု ရှင်းလင်းပါသည်။

MCRB ၏ဒါရိုက်တာ ဗစ်ကီဘိုမန်ကလည်း *"၂၀၂၀မှာသုံးမယ့် စံနှုန်းသတ်မှတ်ချက်အများစုက ၂၀၁၉မှာသုံးခဲ့တာ တွေပဲ ဖြစ်သလို ကမ္ဘာနဲ့ဒေသတွင်းမှာသုံးကြတဲ့ မူဘောင်တွေလည်းပဲဖြစ်ပါတယ်။ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား နဲ့ စင်ကာပူမှာ ကျင့်သုံးနေတဲ့ အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု အမှတ်ပေးစည်းမျဉ်းနဲ့ Integrated Reporting Framework <IR>*ကိုအခြေခံထားတာပါ။ ဒါပေမယ့် တိုက်ရိုက်ကြီးတော့ကူးယူတာမဟုတ်ဘဲ မြန်မာနိုင်ငံရဲ့အနေအထား စည်းမျဉ်းတွေနဲ့ လိုက်အောင် ပြုပြင်ထားပါတယ်။ ဥပမာအားဖြင့်ကော်ပိုရိတ်ရဲ့ အလှူအတန်းလုပ်ပုံနဲ့ ပရဟိတပိုင်း စီမံအုပ်ချုပ်ပုံတွေနဲ့ ပတ်သက်တာမျိုးကိုဖြည့်စွက်ထားတယ်။ ဒါကလည်း ၂၀၁၉ခုနှစ်၊ဩဂုတ်လက ထုတ်ပြန်ခဲ့တဲ့ ကုလအချက်အလက် ရှာဖွေရေးမစ်ရှင်အစီရင်ခံစာ ထုတ်ပြန်ပြီးနောက်ပိုင်းမှာ မြန်မာကုမ္ပဏီတွေနဲ့တွဲလုပ်မယ်ဆိုရင် စီးပွားရေးလုပ်ငန်းရဲ့ဂုဏ်သိက္ခာ ပိုင်းဆိုင်ရာ စွန်းစားရမှုတွေနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေရှိလာတဲ့အတွက် ရေပန်းစားလာတဲ့အကြောင်းအရာတွေ ဖြစ်လို့ ပါ။ "ဟု ဖြည့်စွက်ပြောကြားပါသည်။

Nicolas Delange ကလည်း" *ဒီနှစ်မှာတော့ တချို့စံနှုန်းတွေအတွက် အမှတ်ပြည့်ရနိုင်ဖို့ကို ပိုတင်းကြပ်ပါမယ်။ ဒီတော့ အချို့သောကုမ္ပဏီတွေ ဥပမာ မူဝါဒတွေကိုဟန်ပြချမှတ်ထားပြီး အပြောသက်သက် လက်တွေ့မပါတဲ့သူတွေရဲ့ ရမှတ်က မူဝါဒတွေ၊ ထုတ်ဖော်မှုတွေကို အားသွန်ခွန်စိုက်လုပ်နေတဲ့သူတွေနဲ့ ကွဲပြားသွားပါလိမ်းမယ်။"* ဟု ဆက်လက်ပြောဆိုသည်။

၂၀၂၀ ပွင့်သစ်စနှင့် ပတ်သက်သည့် အချိန်ဇယားများ နှင့်အကဲဖြတ်မည့် နည်းနာများနှင့် ပတ်သက်သည့်စာများကို ဖြန့်ဝေနေပြီ ဖြစ်ပါသည်။ကုမ္ပဏီများအား ဖေဖော်ဝါရီလ (၃)ရက်တွင် ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲ ဆွေးကိုဖိတ်ကြားကာ ဆွေးနွေးတင်ပြမည်ဖြစ်သည်။ ရမှတ်မူကြမ်းများကို သကြ်န်မတိုင်ခင်တွင် ပေးပို့မည်ဖြစ်ပြီး ထုတ်ဖော်မှုများပိုမိုပြုလုပ်နိုင်ရန်အတွက် ဇူလိုင်လအထိအချိန်ပေးမည်ဖြစ်သည်။

အစီရင်ခံစာကိုမူ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် ထုတ်ပြန်မည်ဖြစ်သည်။

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး
အထောက်အကူပြုဌာန

<u>နောက်ခံသမိုင်း</u>

၁။ မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုကို အကဲဖြတ်သည့် ပွင့်သစ်စအစီရင်ခံစာကို ၂၀၁၄ခုနှစ်က စတင်ထုတ်ဝေခဲ့ပြီး နောက်ဆုံးအစီရင်ခံစာကို ဧပြီ ၂၀၁၉က ထုတ်ပြန်ခဲ့သည်။ ရည်ရွယ်ချက်မှာမြန်မာကုမ္ပဏီများအနေဖြင့် အင်တာနက်မှ တဆင့်ပွင့်လင်းမြင်သာမှုတိုးမြှင့်လာစေရန်အတွက် တိုက်တွန်းအားပေးခြင်းဖြစ်သည်။

၂။ ပြီးခဲ့သောနှစ်များမှ အစီရင်ခံစာများနှင့် ၂၀၂၀တွင် အကဲဖြတ်မည့်ကုမ္ပဏီများစာရင်းကို www.myanmar-responsiblebusiness.org/pwint-thit-sa/2020.htmlတွင်ရယူနိုင်ပါသည်။

၃။ မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန(MCRB)အကြောင်းပိုမိုသိရှိလိုပါက www.mcrb.org.mmတွင်လေ့လာနိုင်ပြီး၊ Yever အကြောင်းပိုမိုသိရှိလိုပါကwww.yever.org တွင်လေ့ လာနိုင်ပါသည်။

---


သတင်းအချက်အလက်များပိုမိုရယူလိုပါက:

ဒေါ်ဖြူဖြူဇင် ၊ သတင်းနှင့်ပြန်ကြားရေးအရာရှိ ၊ မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန

09799667713 or phyuphyu.zin@myanmar-responsiblebusiness.org

သို့မဟုတ်

Nicolas Delange၊ nicolas@yever.org သို့ဆက်သွယ်နိုင်ပါသည်။